## (၁၃-၂-၂၀၂၃ မှ ၁၇-၂-၂၀၂၃ ) တစ်ပတ်အတွင်း ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်းများ

### အာလူး

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်(၁၃-၂-၂၀၂၃ မှ ၁၇-၂-၂၀၂၃) အတွင်းဖြစ်ပေါ်ခဲ့သော အာလူး တစ်ပိဿာ ဈေးနှုန်းများမှာ (၁၃-၂-၂၀၂၃)တွင် ဆင်ဖြူကျွန်းလုံးလတ် ကျပ် ၁၃၀၀၊ ဆင်ဖြူကျွန်းဆွဲ ကျပ် ၁၅၀၀၊ ဆင်ဖြူကျွန်းA1 ကျပ် ၁၇၀၀၊ ဆင်ဖြူကျွန်းOK ကျပ် ၁၉၀၀ ဆင်ဖြူကျွန်းS1 ကျပ် ၂၀၀၀ ၊ဆင်ဖြူကျွန်းS2 ကျပ် ၁၈၀၀၊ ဗန်းမော်အာလူး ကျပ် ၁၉၅၀၊ တရုတ်အာလူး(သဲသီး) ကျပ်၂၃၅၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆင်ဖြူကျွန်းOK ကျပ် ၁၀၀၊ ဆင်ဖြူကျွန်းS1 ကျပ် ၂၀၀ ဆင်ဖြူကျွန်းS2 ကျပ် ၃၀၀၊ ဗန်းမော်အာလူး ကျပ် ၅၀၊ တရုတ်အာလူး(သဲသီး) ကျပ် ၁၀၀ အသီးသီးဈေးကျဆင်းခဲ့ပြီးကျန်အမျိုးအစားများမှာဈေးငြိမ်လျက်ရှိသည်။တစ်ပတ်အတွင်း ကုန်စည်ဒိုင် သို့အာလူးကား စီးရေ ၄၀ စီး (၂၄၀၀၀၀ ပိဿာ ) ဝင်ရောက် ခဲ့ကြောင်း သိရသည်။

### ကြက်သွန်နီ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့ နှင့် မြစ်သားမြို့တို့မှ ကြက်သွန်နီများ ဝင်ရောက်လျက်ရှိရာ (၁၃-၂-၂၀၂၃ မှ ၁၇-၂-၂၀၂၃ ) အတွင်း ဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ( တစ်ပိဿာ ) ဈေးနှုန်းများမှာ (၁၃-၂-၂၀၂၃) နေ့တွင် ဆိပ်ဖြူရှယ် ကျပ် ၁၀၀၀၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၂၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၂၀၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၀၀၀၊ မြစ်သားရှယ် ကျပ် ၁၂၀၀၊မြစ်သားလတ်ကြီး ကျပ် ၁၅၀၀၊ မြစ်သားလတ်သန့် ကျပ် ၁၅၅၀ နှင့် မြစ်သားလတ်ချော ကျပ် ၁၂၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မြစ်သားလတ်သန့် ကျပ် ၅၀ နှင့် မြစ်သားလတ်ချော ကျပ် ၁၀၀ အသီးသီးဈေး မြင့်တက်ခဲ့ပြီး ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။ တစ်ပတ်အတွင်း ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ကားစီးရေ ၁၄၅စီး (၈၇၀၀၀၀ပိဿာ) ခန့် ဝင်ရောက် ခဲ့ကြောင်း သိရသည်။

### ကြက်သွန်ဖြူ

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ( ၁၃-၂-၂၀၂၃ မှ ၁၇-၂-၂၀၂၃ )အတွင်း ဖြစ်ပေါ်ခဲ့သော ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ( ၁၃-၂-၂၀၂၃ ) တွင် ကြူကုတ်ရှယ် ကျပ် ၃၇၅၀ အောင်ပန်း ထူး-၂ ကျပ် ၄၈၀၀၊ အောင်ပန်းထူး-၃ ကျပ် ၅၅၀၀၊ အောင်ပန်းထူး-၄ ကျပ် ၅၈၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၆၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း အောင်ပန်း ထူး-၂ ကျပ် ၄၀၀၊ အောင်ပန်းထူး-၃ ကျပ် ၄၀၀၊ အောင်ပန်းထူး-၄ ကျပ် ၄၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၄၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။ တစ်ပတ်အတွင်း ကုန် စည်ဒိုင် သို့ ကြက်သွန်ဖြူအိတ်ရေ ၁၄၀၀ (၄၂၀၀၀ပိဿာ ) ဝင်ရောက်ခဲ့ကြောင်းသိရသည်။

SWT (Domestic)